# အမှာစာ

ကမ္ဘာပေါ်တွင် တစ်ခုတည်းသာလက်ကျန်ရှိနေနိုင်သော ဖြိုင်စံရှားအနုလက်ရာရွှေစင်ရွှေသားအစစ် ရွှေသဝဏ်လွှာသည် အလောင်းမင်းတရားကြီး၏ သမိုင်းတန်ဖိုးကြီးမားလှသော ရာဇသံရွှေပေဖြစ်သည်နှင့်အညီ ၎င်း၏ သမိုင်းဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာဝိသေသလက္ခဏာများကို ဒေါက်တာသည် သုံးနှစ်သုံးမိုး အချိန်ယူ၍ သမိုင်းကိုလှန်ကာ စာတမ်းတစ်စောင်ပြုစုခဲ့သည်။

ပညာရှင်တစ်ဦး၏အားထုတ်မှုကြောင့် မြန်မာ့သမိုင်းကြောင်းကိုလွှမ်းမိုးခဲ့သော ကိုလိုနီရေးသားချက်တို့၏ အမြင်ကို ပြောင်းပြန်လှန်နိုင်ခဲ့လေပြီလား။ ဒေါက်တာလိုင်ဒါသည် ဒီဂျိုအီးဟော၏ ဩဇာကြီးသော သမိုင်းမှတ်တမ်းစာအုပ်များမှသည် Alexander Dalrymple ၏အရှေ့တိုင်းမာတိကာ၊ ဂျီအီးဟာဗေး၏ သမိုင်းစာအုပ်များ၊ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော ဒေါက်တာထင်အောင်၏ သမိုင်းစာအုပ်များအထိ မြန်မာ့သမိုင်းကြောင်းကို ဒိုးလိုမွှေရေလိုနှောက်ကာ စာတမ်းတစ်စောင်ကို ပြုစုနိုင်ခဲ့သည်။

ဗြိတိသျှတို့က မြန်မာပြည်တွင် နယ်မြေခြေကုပ်ရယူရန်နှင့် ဒေသတွင်းနိုင်ငံရေးထဲ ပြောရေးဆိုခွင့်ရရန်၊ ကုန်သွယ်အခွင့်အရေးရရန် ရည်ရွယ်ထားကြစဉ် အလောင်းမင်းတရားကြီးသည် အမြင့်မားဆုံးနိုင်ငံရေးအဆင့်ဖြင့် ရင်းနှီးစွာဆက်ဆံရေးအတွက် အားတက်သရောဆောင်ရွက်ခဲ့သည်။ ဗြိတိသျှတို့နှင့် စစ်မှန်သောကုန်



သွယ်မှုကို လုပ်ဆောင်ရန်မှာ သူလိုပင်ဆုံးဖြတ်ရသူ၊ တန်းတူရည်တူများနှင့် စကားပြောဖို့လိုအပ်သည်ဟု မင်းတရားကြီး တွေးမိခဲ့ကာ အင်္ဂလိပ်ဘုရင် ဂျော့-၂ ထံ ရာဇသံရွှေပေပါးခဲ့သည်။

ရာဇဟူသည် ရာဇာမင်း၊ သံဟူသည် သံတမန် သို့မဟုတ် ချစ်ကြည်ရေး၊ ရာဇသံရွှေပေဟူသည် ရာဇာမင်းတို့၏ ချစ်ကြည်ရေးရွှေသဝဏ်လွှာ။ ရှင်ဘုရင်အချင်းချင်းဆက်ဆံရေးအတွက် ထိုချစ်ကြည်ရေးသဝဏ်လွှာ ရာဇသံရွှေပေကို အထူးခြားဆုံး၊ အရှားပါးဆုံးဖြစ်အောင် မင်းတရားသည် အစွမ်းကုန်ရတနာစိုက်စီမံခဲ့သည်။ မြန်မာ့သမိုင်းကြောင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာဘုရင်သည် အနောက်တိုင်းဧကရာဇ်တစ်ပါးနှင့်တိုက်ရိုက်ဆက်သွယ်ရန် ဆုံးဖြတ်ခဲ့ခြင်းပင်။

သို့သော် အလောင်းမင်းတရား၏ သံတမန်ရေးရာ အမွှင့်နိဒါန်း ကြမ္မာငင်ခဲ့သည်။ နိုင်ငံရေးအရ အရေးကြီးသော ယဉ်ကျေးမှုထုံးတမ်းကို ဗြိတိန်မှလိပ်စာရှင် ဂျော့ဘုရင်-၂ တင်မကာ ကုမ္ပဏီဒါရိုက်တာများပင် နားလည်ပုံမရခဲ့ပေ။ အလောင်းမင်းတရားသည် လန်ဒန်မှပြန်ကြားလွှာ တစ်စောင်တလေမှ မရခဲ့သလို ပို့လိုက်သော ရာဇသံစာ လက်ခံရရှိကြောင်းကိုပင် အသိအမှတ်ပြုမှု တစ်စုံတရာမရခဲ့ပေ။ နောက်ပိုင်းတွင် သက်သေများက ပြသခဲ့သည်မှာ ထိုအဖြစ်ကို အလောင်းမင်းတရား နာခဲ့သည်။

မွန်-မြန်မာ တိုက်ပွဲကာလအတွင်း ပေါ်ပေါက်ခဲ့သော ထိုသံတမန်ရေးရာကျရှုံးခြင်းနှင့် အခြားသောဘေးစကားများကြောင့် အလောင်းမင်းတရားသည် ဟိုင်းကြီးကျွန်းပေါ်မှ ဗြိတိသျှတို့ အခြေစိုက်မှုကို ချေမှုန်းရန် ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ဟိုင်းကြီးကျွန်းလူသတ်ပွဲသည် မင်းတရား၏ သမိုင်းတွင် အကျည်းတန်ဆုံး အစည်းစက်အဖြစ် ကမ္ပည်းတင်ခဲ့သည်။ ဒီဂျိုအီးဟော အပါအဝင် နောင်ကိုလိုနီခေတ်သမိုင်းဆရာများ၏ တစ်ဖက်စောင်းနင်း ကိုလိုနီရေးသားချက်တို့၏ အမြဲအဖြစ် အဆိုးရွားဆုံးသမိုင်းမှတ်တမ်းထဲတွင် အလောင်းမင်းတရား အိပ်မောကျခဲ့ရသည်။

နောင်နှစ်ပေါင်း ၂၅၀အကြာ ၂၀၀၇ ခုတွင်မှ မျက်မြင်ထင်ရှားပေါ်ထွက်လာသော ရှင်ဘုရင်မင်းတရား၏ ရာဇသံရွှေပေ - ၎င်းရွှေပေ၏တန်ဖိုးသည် နှစ်ခုတစ်တွဲ။ ရွှေစင်ရွှေသားဖြစ်နေခြင်း၊ အနုပညာလက်ရာမြောက်နေခြင်း၊ စာများပေါ်မှ ရေးဟန်နှင့်လေသံ ဂုဏ်သိမ်သဘောတရားစသော ဖြင့်ထည်တန်ဖိုးနှင့် ၎င်းကိုနောက်ယောင်ခံလိုက်ရာမှ ပေါ်ထွက်လာသော သမိုင်းအရှိတရား၊ သို့မဟုတ် စာတမ်း။ ထိုနှစ်ခုတစ်တွဲ မကွဲမပြားရှိနေမှသာလျှင် တိုင်းပြည်၏ သမိုင်းဝင်တန်ဖိုး အစစ်အမှန်ဟု ဆိုလိုက်ပါရစေ။

ဝင့်မြိုးမြင့်

# မာတိကာ


၁။ အမှာစာ ၉
၂။ အစီး ၁၃
၃။ ထူးခြားသောလက်ရာ ၁၇
၄။ အလောင်းမင်းတရား ပေါ်ပေါက်လာပုံ ၂၃
မိမိတိုင်းပြည်ကို မင်းပြုခြင်း
၅။ အိန္ဒိယသမုဒ္ဒရာအတွင်းမှ အင်္ဂလိပ်-ပြင်သစ်အားပြိုင်မှုများ ၃၉
၆။ အရှေ့အိန္ဒိယကုမ္ပဏီနှင့်မြန်မာပြည် ၄၇
၇။ ရာဇသံရွှေပေ၊ စာသားနှင့်ရှင်းလင်းချက် ၆၇
အလောင်းမင်းတရားနှင့်အရှေ့အိန္ဒိယကုမ္ပဏီ
၈။ အလောင်းမင်းတရား၏ ပထမဆုံးသံအဖွဲ့ ၇၃
၉။ အလောင်းမင်းတရားစေလွှတ်သော ဒုတိယမြောက်သံအဖွဲ့ ၇၇
၁၀။ ဘောကာသံအဖွဲ့ ၈၅
၁၁။ လက်စတာသံအဖွဲ့ ၁၀၃
၁၂။ ဟိုင်းကြီးကျွန်းကို ဖျက်သိမ်းခြင်း ၁၁၁
၁၃။ ရာဇသံစာ၏ ရက်စွဲ ၁၂၀
၁၄။ အလောင်းမင်းတရား၏ ဘွဲ့နာမံတော်များ ၁၂၃
၁၅။ သမိုင်းမှတ်တမ်းထဲမှ အလောင်းမင်းတရား၏ ရာဇသံရွှေပေ ၁၃၀
၁၆။ အဆိုးရွားဆုံးသမိုင်းမှတ်တမ်းတင်ခြင်း ၁၃၅
ဒီဂျိုအီးဟောနှင့် ကိုလိုနီရေးသားချက်တို့၏ အမြဲ
၁၇။ ရာဇသံရွှေပေ၏ ဖြစ်ထည်၊ ထုတ်လုပ်မှု၊ အနုပညာနှင့်ဟန် ၁၄၅
၁၈။ မြန်မာ့လွှတ်ရုံးနှင့်တော်ဝင်စာတစ်စောင် ထုတ်လုပ်ခြင်း ၁၄၇
၁၉။ စာသားပုံပိုးမှု ၁၅၁
၂၀။ ရေးဟန်နှင့်ယဉ်ကျေးရည်မွန်မှု ၁၅၅
၂၁။ ရွှေပေရုပ်ပေါ်မှ ရာဇသံစာများ ၁၆၁
၂၂။ ရာဇသံရွှေပေ၊ ဖြစ်ထည်ဖော်ပြချက် ၁၆၃
၂၃။ ဟန်နိုဗာမြို့ဖြတ်ကိုက်ထဲမှ ရာဇသံရွှေပေ ၁၆၇
၂၄။ နိဂုံးစကား ၁၇၁